ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -31/3/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ မတ်လ (31)ရက်နေ့၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ တောင်ဘက်မြို့ဟောင်းကျေးရွာအနီး မိဂသိမ်ဘုရားကုန်းတွင် စကစနှင့် KNLA ပူးပေါင်းတပ်ဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစတပ်သား ၁၅ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ဖရူဆိုမြို့မရဲစခန်းနှင့် ခလရ (၄၂၈) တပ်စခန်းအနီးရှိ စကစတပ်နှင့် DMO-LOCAL PDF၊ နည်းပညာ လက်ရုံးတပ်(CTU)၊ ဖရူဆိုPDF၊ အလယ်ပိုင်းတိုင်း (၁၁၀၁) တပ်တို့မှ ပူးပေါင်း၍ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက်မှ ၈ ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာ ရရှိသူ များ ရှိခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်မှ စကစယာဉ်တန်းကို စစ်ကူပေးရန် ဆင်းသွားသည့် စကစတပ်သားအင်အား (၁၅၀) ကျော်နှင့် CDF-Matupiတို့ ချန်ပြန်းရွာသစ်နှင့် ရွာဟောင်းကြား၌ တိုက်ပွဲပြင်းထန်နေပြီး စကစတပ်မှ အထိနာသဖြင့် မတူပီမြို့ပေါ်မှ ပြည်သူပိုင် ကျောက်သယ် ကားများကို ချောဆွဲ၍ အင်အား (၅၀) ခန့်ဖြည့်တင်း၍ တိုက်ခိုက်ခဲ့ကာ အဆိုပါတိုက်ပွဲ၌ စကစတပ်မှ (၁၆) ဦး သေဆုံး၍ အများပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့ ချင်းပြည်နယ်၊ မတူပီမြို့မှ ဆင်းလာသည့် စကစတပ်သားများသည် လည်မျိုချောင်းအနီး မိုင်းနင်းမိသောကြောင့် စကစတပ်သား (၂) ဦး သေဆုံးကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ မင်္ဂလာကျေးရွာအနီး ပျူစောထီး၊ စကစ တပ်သားများ စစ်ဆေးရေးဆောင်ရွက်ရန်လာရောက်စဉ် ရွှေဘိုမြို့နယ်ပကဖ တပ်ပေါင်းစု (၂) မှ မိုင်းဆွဲ တိုက်ခိုက်ခဲ့ရာ စကစတပ်သားနှင့်ပျူစောထီး (၂)ဦးသေဆုံးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာ စစ်ဆေးရေးဂိတ်အနီးရှိ စကစတပ်သားနှင့်ပျူစောထီးများကို ရွှေဘိုမြို့နယ်ပကဖတပ်ပေါင်းစု (၂)မှ Drone ဖြင့် (၄)ကြိမ် ဗုံးချတိုက်ခိုက်ခဲ့ရာ စကစကား (၁) စီး ပျက်စီးခဲ့ပြီး အများအပြား ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ မတ်လ (၂၉)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ အောင်ဇေယျာကုန်းတွင် တပ်စွဲထားသည့် စကစတပ်သားများကို Unity Force Monywa ၊ Brother Defense Force နှင့်မဟာမိတ်ပူးပေါင်း အဖွဲ့များကလက်နက်ကြီးစိန်ပြောင်း ၁၅ လုံး ၊ မိုင်းလုံး ၇၅ လုံး ဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ အင်မထီးကျေးရွာရှိ စကစတပ်သားနှင့် ပျူစောထီးများ စခန်းအပြင်ထွက်လာစဉ် မြန်မာ့တော်ဝင် နဂါးတပ်တော် (MRDA)မှ တိုက်ခိုက်ခဲ့ရာ စကစ တပ်သားများနှင့် ပျူစောထီး (၇) ဦးသေဆုံးခဲ့ကြောင်း သိရသည်။

<u>တနင်္သာရီတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့၊ တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ သိန္ဓောရွာမ၌ စကစ တပ်သား များနှင့် PDF တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ ထိုတိုက်ပွဲ၌ စကစဖက်မှ ၂ဦး ကျဆုံး၍ ၃ဦး ဒဏ်ရာ ရခဲ့ပြီး PDF တပ်သားတစ်ဦး လက်နက်ကြီး အစထိမှန်၍ ဒဏ်ရာရရှိခဲ့ (မစိုးရိမ်ရ) ကြောင်း သိရသည်။

<u>မွန်ပြည်နယ်</u>

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့၊ နံနက်ပိုင်း၌ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်လမ်းဆုံတွင် အကြမ်းဖက် စကစဂိတ်စခန်းကို KNLA နှင့် PDFကျိုက်ထိုတော်လှန်ရေး အင်အားစု ပူးပေါင်းတပ်ဖွဲ့များမှဝင်ရောက် ပစ်ခဲ့ရာစကစတပ်သားနှင့် စကစလက်အောက်ခံရဲ ၆ ဦးသေဆုံးခဲ့ပြီး ၃ ဦးဒဏ်ရာရရှိသွားကြောင်းနှင့် ပစ်ခတ်ခံ ရပြီးနောက် စကစများသည် မုပ္ပလင်ရွာထဲသို့ သေနတ်ဖောက်၍ အိမ်တိုင်း လမ်းကြို လမ်းကြား မကျန် ရှာဖွေစစ်ဆေးမှု များပြုလုပ်နေကြောင်း သိရသည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့ မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ဆိတ်ချေးကျစ်တက်အနီး၊ မြိုင်-ဇဟင်း လမ်းမကြီးပေါ်၌ စကစတပ်ဖွဲ့အား Myaing Villages Revolution Front-MVRF နှင့် Myaing Hero Generation တို့ပူးပေါင်းတိုက်ခိုက်ခဲ့ပြီး တိုက်ပွဲအတွင်း စကစတပ်သား ၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ကျွန်းချောင်း-ဆိပ်ဖြူ လမ်းမပေါ်မှ စကစယာဉ်တန်းကို မြစ်ခြေ-ကျွန်းချောင်းPDFမှ တိုက်ခိုက်ခဲ့သည့်အတွက် စကစတပ်သား ၂ ဦး မိုင်းထိ သေဆုံး၍ ၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ အရှေ့ဖက်ခြမ်း ဒေါ်ခူလီ ကျေးရွာ၌ စကစတပ်မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် နေအိမ်တစ်လုံး ပျက်ဆီးသွားခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်း

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ စံဦးကျေးရွာမှ ပျူစောထီးခေါင်းဆောင် အောင်မျိုးဆွေ(ခ) ငရန်မန်ကန်းသည် အမျိုးသမီး ၁ ဦးအား မုဒိမ်းကျင့်ခဲ့ကြောင်း သတင်းရရှိသည်။

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့ မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်၊ ယင်းတော်မြို့၊ သာယာကုန်းရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် တိမ်းရှောင်နေသော ၈၈ ငြိမ်း/ပွင့် မိတ္ထီလာမြို့နယ် တာဝန်ခံ ဦးထိန်မင်းခိုင်၏ မိသားစုကို စကစများမှ ဝင်ဖမ်းပစ်ခက် ဖမ်းဆီးခဲ့ပြီး ဦးထိန်မင်းခိုင်နှင့် ဇနီးတို့ ကျည်ထိမှန်ခဲ့ကာ ကျည်ထိထားသည်ကိုပင် ကန်ကျောက်၍ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ရှမ်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့ ရှမ်းပြည်နယ်၊ မြန်မာ-ထိုင်းနယ်စပ်ဒေသ၊ တာချီလိတ်မြို့ရှိ ချစ်ကြည်ရေး အမှတ် (၂) တံတားတွင် မယ်ဆိုင်မှတာချီလိတ်သို့ ကုန်ပစ္စည်း တင်လာသည့် ယာဉ်ပေါ်မှ စစ်သုံးပစ္စည်း များစစ်ဆေးတွေ့ရှိ၍ ယာဉ်မောင်း ဦးမျိုးတေဇာဝင်းအား စရဖမှ ဖမ်းဆီးခေါ်ဆောင်ကာ စစ်ကြောရေး ပြုလုပ်နေကြောင်း သတင်းရရှိသည်။

- ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့နယ်၊ ပင်လုံမြို့တွင်း၌ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကဒ် မှတ်ပုံတင်များ ပြုလုပ်ပေးနေရာ ရန်ပုံငွေအကြောင်းပြ၍ တစ်ဦးကို ၁၅၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ထိ တောင်းယူ၍လုပ်ဆောင်နေကြောင်း၊ မှတ်ပုံတင် အလျင်မြန်လိုချင်သူများသည် ငွေ ၅၀၀၀၀ ကျပ်ပေးဆောင်ရပြီး၊ တစ်ရက်လျှင်လူဦးရေ ၃၀ ခန့် လုပ်ပေးနေကြောင်း သတင်းရရှိသည်။

- ၂၀၂၂ ခုနှစ်၊ မတ်လ (၂၉)ရက်နေ့ ညနေပိုင်း ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ ကျောက်မဲမြို့၊ စည်ပင်သာယာရေး ရုံးအနီး ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် မြို့တွင်း၌ လမ်းသွားလမ်းလာ အမျိုးသား ၃ ဦး ကို ကားပေါ်၌ရိုက်နှက်ပြီးတင်သွားရာမှ ကျောက်မဲမြို့နယ်၊ ပုံဝိုးကျေးရွာတွင် နေထိုင်သူ စိုင်းပီး (၄၁) နှစ်မှာ ရိုက်နှက်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး အလောင်းကို ငွေကျပ် ၁၀ သိန်းပေး၍ ပြန်လည် ထုတ်ယူခဲ့ရကြောင်း သတင်းရရှိသည်။